## မဂ္ဂင်ကျောင်းတိုက်ကို ချိတ်ပိတ်ခြင်းက မြန်မာစစ်အစိုးရ အပြောနှင့်အလုပ်မညီဟု မစ္စတာဂမ်ဘာရီ ဝေဖန်
## ၃၀ နိုဝင်ဘာ ၂၀၀၇

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာအီဘရာဟင် ဂမ်ဘာရီဟာ ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်လည်းဖြစ်၊ နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်တဲ့ မစ္စတာဟွန်နမ်ဟောင်နဲ့ မြန်မာ့အရေး တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ အပြုသဘောဆောင်တဲ့ ဆွေးနွေးပွဲတွေအတွက် ကျေးဇူးတင်ကျေနပ်ရပါကြောင်းနဲ့ ကုလသမဂ္ဂနဲ့ကမ္ဘောဒီးယားနိုင်ငံအကြား ကောင်းမွန်တဲ့ဆက်ဆံရေး ထူထောင်ပြီးဖြစ်ကြောင်း မစ္စတာဂမ်ဘာရီက ပြောပါတယ်။

ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးနဲ့တွေ့ဆုံစဉ်မှာ မြန်မာ့အရေး ကုလသမဂ္ဂရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကို ကမ္ဘောဒီးယားအစိုးရကထောက်ခံဖို့ မေတ္တာရပ်ခံရေးသားထားတဲ့ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဝန်ကြီးချုပ်ဟွန်ဆန် ဆီပေးတဲ့စာကို မစ္စတာဂမ်ဘာရီက ပေးအပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ လူ့အခွင့်အရေး လေးစားလိုက်နာမှုတွေကို တိုးမြှင့်လုပ်ဆောင်ဖို့ ကုလသမဂ္ဂရဲ့ ကြိုးပမ်းချက်တွေ အပါအဝင် မြန်မာနိုင်ငံက အခြေအနေတွေအပေါ် သူ့ရဲ့ လေ့လာသုံးချက်တွေကိုလည်း မစ္စတာဂမ်ဘာရီက ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးကို ရှင်းပြခဲ့တယ်လို့ ကုလသမဂ္ဂရဲ့ သတင်းထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်၊ ဒီတော့ မစ္စတာဂမ်ဘာရီရဲ့ ဒေသတွင်း သုံးနိုင်ငံခရီးစဉ်ကို ဘန်ကောက်မြို့ကနေ အနီးကပ် စောင့်ကြည့်နေတဲ့ ဗွီအိုအေ ဝိုင်းတော်သူ ဒေါ်ခင်စိုးဝင်းကို ဦးကျော်ကျော်သိန်းက ဆက်သွယ်မေးမြန်းထားပါတယ်။

*ဟုတ်ကဲ့၊ ကျနော်တို့ မစ္စတာဂမ်ဘာရီရဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီးတော့ သူ သတင်းစာရှင်းလင်းပွဲ လုပ်တယ်လို့သိရပါတယ်၊ ဒီသတင်းစာရှင်းလင်းပွဲမှာ သူဘာတွေများ ထွေထွေထူးထူးပြောသွားပါသလဲခင်ဗျ။ –*

"ဒီလိုပါ ကိုကျော်ကျော်သိန်းရေ၊ မနေ့က မဂ္ဂင်ကျောင်းတိုက်ကို ချိတ်ပိတ်ခံရတဲ့ကိစ္စ အပါအဝင်ပေါ့လေ၊ မြန်မာနိုင်ငံမှာ အဖမ်းအဆီးတွေ ဆက်လုပ်နေတာဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အနှောင့်အယှက်တွေ ဖြစ်စေတယ်လို့ သူက ဝေဖန်သွားပါတယ်။ နောက်ပြီးတော့ ဖမ်းဆီးတာတွေ ဆက်မလုပ်တော့ပါဘူးလို့ ဂတိတွေပေးထားတဲ့ မြန်မာစစ်အစိုးရက ဒီလိုဆက်လုပ်နေတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးစားနေပါတယ်ဆိုတဲ့ စိတ်ဓါတ်နဲ့တော့ ပြခါးတစ်လမ်း၊ သံတစ်လမ်းပါပဲလို့ သူက ပြောသွားပါတယ်။ နောက် တွေ့ဆုံဆွေးနွေးရေးအတွက် တိုးတက်ရာတိုးတက်ကြောင်း လုပ်နေကြတာကိုလည်း ဒီလိုလုပ်ခြင်းဖြင့် ကသိကအောက်ဖြစ်စေတယ်လို့ ဖနွမ်းပင်မြို့မှာကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ မစ္စတာဂမ်ဘာရီက ပြောသွားပါတယ် ကိုကျော်ကျော်သိန်းရေ။"

*ဟုတ်ကဲ့ခင်ဗျ၊ နောက်ပြီး မြန်မာနိုင်ငံက အမျိုးသားပြန်လည်သင့်မြတ်ရေးမှာ အခု ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အခန်းကဏ္ဍနဲ့ပတ်သက်လို့ရော ဘာတွေများ ပြောသွားလို့လဲ။ –*

"ဟုတ်ကဲ့၊ ပြောသွားပါတယ်၊ ဒီလိုမျိုး ရှေ့မတိုးနောက်မဆုတ်ဖြစ်နေတဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကြပ်အတည်းအတွက် တစ်ခုတည်းသောထွက်ပေါက်ကတော့ တွေ့ဆုံဆွေးနွေးရေးပဲဖြစ်တယ်လို့ သူက စပြောပါတယ်။ နောက် တွေ့ဆုံဆွေးနွေးတယ်လို့ ဆိုတဲ့နေရာမှာလည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအရ အရေးပါတဲ့ သက်ဆိုင်ရာဘက်ပေါင်းစုံက အစုအဖွဲ့တွေ ပါတဲ့ဆွေးနွေးရေးဖြစ်ဖို့လိုတယ်လို့လည်း ဆိုပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကသိကအောက်ဖြစ်စေမယ့် ဘယ်လိုလုပ်ရမျိုးကိုမဆို ရှောင်ရှားသင့်တယ်လို့ သူကအကြံပေးသွားတာပါ၊ နောက်ပြီးတော့ မြန်မာနိုင်ငံရေးပြဿနာများကို အဖြေရှာကြတယ် ဆိုတဲ့နေရာမှာ ဒေါ်အောင်ဆန်းစုကြည်ပါဝင်ရေးဟာ အဖြေတစ်ခုဖြစ်မယ်ဆိုလို့ရှိရင် တွေ့ဆုံဆွေးနွေးနွေးရေးမှာ ဒေါ်အောင်ဆန်းစုကြည် ပါဝင်မှဖြစ်မယ်ဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့လိုအပ်တယ်ဆိုတာလည်း လိုအပ်ချက်တစ်ခုလို့ ပြောသွားပါတယ်ရှင်။ ဒါနဲ့ ကိုကျော်ကျော်သိန်းရေ၊ မစ္စတာ ဂမ်ဘာရီက ကမ္ဘာ့နိုင်ငံခေါင်းဆောင်တွေနဲ့

တွေ့ဆုံတဲ့နေရာမှာ မြန်မာ့အရေးကို သူ ရှင်းပြခဲ့တာတွေရှိပါတယ်။ အဲဒီတော့ သူ အဲဒီလိုရှင်းပြတဲ့နေရာမှာ အချက် ၅ ချက်ကို သူ အဓိကထားပြီး ပြောသွားလေ့ရှိပါတယ်။ အဲဒါလေးကို ဖေါက်သည်ချပါရစေနော်။ မြန်မာစစ်အစိုးရကပြောတဲ့နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းပြီးတော့ အဲဒီကော်မရှင်ရဲ့လုပ်ငန်းတွေကို ဒီဇင်ဘာလမှာ စမယ်ဆိုတဲ့အကြောင်း သူ့ကိုရှင်းပြပါတယ်တဲ့၊ ဒါက တစ်ချက်၊ နောက်ပြီးတော့ မြန်မာလူထုရဲ့ လူမှုစီးပွားရေး၊ စားဝတ်နေရေး အကြပ်အတည်းတွေကို ဖြေရှင်းပေးဖို့ပေ့ါနော်၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်းဖို့ဆိုတဲ့ ဒီ ကုလသမဂ္ဂရဲ့ အကြံပြုချက်ကို စစ်အစိုးရက အခုထက်ထိ လက်ခံမယ်လည်းမပြောဘူး၊ လက်မခံဘူးလို့လည်း အကြောင်းမကြားဘူး ဆိုတာတစ်ချက်ပေ့ါနော်၊ နောက် မြန်မာစစ်အစိုးရက ဒီ လမ်းပြမြေပုံအတိုင်းသွားမယ်လို့ ပြောနေတော့ အချိန်ဆွဲနေသလို ဖြစ်နေတာကြောင့်မို့လို့ အချိန်ကာလ အတိုင်းအတာတစ်ခုသတ်မှတ်ပေးဖို့ မစ္စတာ ဂမ်ဘာရီက အဆိုပြုထားတာကိုလည်း အခုထိ မတုံ့ပြန်သေးဘူးဆိုတာက တစ်ချက်ပေ့ါနော်၊ နောက် နံပါတ်လေးအချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးမယ်ဆိုတဲ့လေသံ အခုထိ မကြားရသေးဘူး လို့လည်း မစ္စတာဂမ်ဘာရီက နိုင်ငံခေါင်းဆောင်တွေကို တင်ပြခဲ့ပါတယ်။ နောက်ဆုံးအချက်ကတော့ မစ္စတာဂမ်ဘာရီ နောက်ဆုံးသွားခဲ့တဲ့အချိန်အထိပေ့ါနော် အကျဉ်းသား ၂၆၀၀ လွှတ်ပေးတယ်လို့ဆိုပေမယ့် လည်း တကယ်တမ်း လွှတ်ပေးဖို့လိုအပ်နေတဲ့ နိုင်ငံရေးအကျဉ်းသားတွေ အများကြီး ကျန်နေသေးတယ် ဆိုတဲ့အကြောင်းတွေကို သူ ရှင်းပြခဲ့ပါတယ်တဲ့ ကိုကျော်ကျော်သိန်းရေ။”

*ဟုတ်ကဲ့။ ဒီသတင်းစာရှင်းလင်းပွဲမှာ ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးလည်း တက်တယ်ဆိုတော့ ဒီ နိုင်ငံခြားရေးဝန်ကြီးကရော ဘာတွေများပြောပါသေးလဲခင်ဗျ။ –*

“မစ္စတာ ဟွန်နမ်ဟောင်းကတော့ မြန်မာစစ်အစိုးရကို အရေးယူ ဒဏ်ခတ်တာထက် အထူး အခွင့်အရေးတွေ ပေးပြီးတော့၊ မက်လုံးတွေပေးပြီးတော့ ဒီမိုကရေစီရေးအတွက် တွန်းအားပေးတာ ပိုပြီး သင့်လျော်တယ်လို့ ပြောသွားပါတယ်။”

*ဟုတ်ကဲ့ခင်ဗျ၊ မြန်မာစစ်အစိုးရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်လည်း အခု ကမ္ဘောဒီးယားမှာ ရောက်နေပြီဆိုတော့ ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့ ကမ္ဘောဒီးယားခေါင်းဆောင်တွေ ဘာတွေများဆွေးနွေးမယ်လို့ ကြားထားပါသေးလဲ။ –*

“အဲဒီထဲမှာတော့၊ ဒီ ဆူပူမှုတွေပေ့ါနော်၊ ဆန္ဒပြမှုတွေနဲ့ပတ်သက်ပြီး အဲဒါတွေ ဆွေးနွေးမလားလို့ သတင်းစာဆရာတွေက ဝိုင်းမေးတဲ့အခါမှာ သူက ဘာပြောလဲဆိုတော့ – ပြီးခဲ့တာတွေလည်း ပြီးခဲ့ပါပြီ၊ အဲဒီအကြောင်းတွေကို မဆွေးနွေးတော့ဘဲနဲ့ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်တွေပေ့ါနော်၊ ရှေ့ဘာဆက်လုပ်မလဲ ဆိုတာဆွေးနွေးသွားမယ်လို့ ဖြေကြားသွားပါတယ်။ နောက်ပြီးတော့ နောက်ဆုံး မစ္စတာဂမ်ဘာရီ ပြော သွားတာ ဘာလဲဆိုတော့ – သူငယ်ချင်းတွေကို ရွေးပြီးပေါင်းလို့ရပေမယ့်လည်း အိမ်နီးချင်းကို ရွေးလို့ မရပါဘူးတဲ့၊ ဒီပထဝီဝင်အနေအထားအရ တစ်သက်လုံး အိမ်နီးချင်းဖြစ်နေတဲ့ မြန်မာနိုင်ငံကို သူတို့ရဲ့ အိမ်တွင်းရေးပဲဆိုပြီးတော့ တခြား အာဆီယံနိုင်ငံတွေက ပထားလို့မရပါဘူးတဲ့၊ ဒါကြောင့်မို့လို့ အိမ်နီးချင်း အနီးကပ်ဆုံး အာဆီယံနိုင်ငံတွေကို လှည့်လည်ပြီးတော့ မြန်မာ့အရေးကို သူ သွားပြီးတော့ ရှင်းလင်းပြော ဆိုပြီး မြန်မာနိုင်ငံကိုဖိအားပေးဖို့အရေး၊ ဆွဲဆောင်ဖို့အရေး၊ မြန်မာနိုင်ငံ သဘောထားပြောင်းလဲလာဖို့ အရေး ဆွဲဆောင်ဖို့ သူ တိုက်တွန်းနေတာလို့ ပြောသွားပါတယ်။”